# တီဘီရောဂါတိုက်ဖျက်ရေး မဟာဗျူဟာများ

ဒေါက်တာ ချိုချိုစန်း

ဒုတိယညွှန်ကြားရေးမှူး

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း

# တီဘီရောဂါတိုက်ဖျက်ရေး မဟာဗျူဟာများ

DOTS Strategy (တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု မဟာဗျူဟာ)

STOP Strategy

End TB Strategy

# တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု မဟာဗျူဟာ

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုထောက်ခံထားသည့် တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု မဟာဗျူဟာ
- မြန်မာနိုင်ငံတွင် (၁၉၉၇) ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်
- တီဘီလူနာကို ရောဂါပျောက်ကင်းအောင်ကုသရာတွင်လည်းကောင်း၊ တီဘီရောဂါ တားဆီးကာကွယ်နှိမ်နင်းရာတွင်လည်းကောင်း အဓိကသော့ချက်
- ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းဆေးတိုက်ကျွေးမည့်သူများသည် တီဘီလူနာများကို တီဘီဆေးများ မှန်မှန်သောက်စေရန် ဆေးကုသမှုကာလ (၆ လ သို့ ၈ လ) တစ်လျှောက်လုံး ဂရုတစိုက် (လူနာ၏ ပါးစပ်ထဲဆေးရောက်ပြီး မြို့ချပြီးသည်အထိ) စောင့်ကြပ်ကြည့်ရှုပြီး ရောဂါပျောက်ကင်းသည်အထိ တာဝန်ယူဆေးတိုက်ကျွေးရန်

# တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု မဟာဗျူဟာ

အခြေခံအချက် (၅) ချက်

(၁) **နိုင်ငံတော်အစိုးရမှ စီမံခန့်ခွဲမှုအရသော်လည်းကောင်း၊ ဘဏ္ဍာငွေအားဖြင့်သော်လည်းကောင်း** တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **ပံ့ပိုးကူညီမှုပေးခြင်း**

(၂) သလိပ်ကို **အဏုကြည့်မှန်ဘီလူး**ဖြင့် ကြည့်ပြီး တီဘီရောဂါရှာဖွေပေးခြင်း

(၃) ရှာဖွေတွေ့ရှိသော လူနာများကို **တိုက်ရိုက်စောင့်ကြပ် ကြည့်ရှုကာ အချိန်တိုကုထုံးဆေးဝါးများ** စနစ်တကျတိုက်ကျွေးခြင်း

# တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု မဟာဗျူဟာ

(၄) စံချိန်မီ**ဆေးဝါးများ စဥ်ဆက်မပြတ်ရရှိရန်** ဆောင်ရွက်ပေးခြင်း

(၅) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုကို ဆန်းစစ်နိုင်မည့် စံသတ်မှတ်ထားသော **သတင်းအချက်အလက် နှင့် အစီရင်ခံသည့်စနစ်** ထားရှိခြင်း

# STOP TB Strategy

➢ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များပြည့်မီရန် မြန်မာနိုင်ငံတွင် (၂၀၀၇) ခုနှစ်မှစ၍ တိုးချဲ့အားဖြည့်ဆောင်ရွက်

**ကဏ္ဍ (၆) ရပ်**

(၁) **တိုက်ရိုက်ကြည့်ရှု၊ အချိန်တိုကုထုံး မဟာဗျူဟာ၏ အခြေခံအချက် (၅) ချက်** ကို တစ်နိုင်လုံးတွင် အရည်အသွေးအပြည့်ဖြင့် တိုးချဲ့အကောင်အထည်ဖော်ခြင်း

(၂) တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအောင်မြင်စေရန် ဆောင်ရွက်ရာတွင် အဟန့်အတား ဖြစ်စေနိုင်သော **တီဘီ–HIV ဒွန်တွဲဖြစ်ပွားခြင်း၊ ဆေးယဥ်ပါးတီဘီ ဖြစ်ပွားခြင်း နှင့် အခြားသော အခက်အခဲများကို ကာကွယ်** ဖြေရှင်းခြင်း

(၃) တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် **အခြေခံကျန်းမာရေးစနစ် တိုးတက်စေရန်** ဆောင်ရွက်ခြင်း

(မူဝါဒ၊ လူ့စွမ်းအား၊ ဘဏ္ဍာငွေ၊ စီမံခန့်ခွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစီရင်ခံစနစ်တို့ အကျုံးဝင်ပါသည်။)

# STOP TB Strategy

(၄) ကျန်းမာရေးဝန်ဆောင်မှု ပေးနေသော **မိတ်ဖက်အဖွဲ့အစည်းများအားလုံးကို** တီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများတွင် **ပါဝင်လာစေခြင်း**

(၅) တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများတွင် **ပြည်သူလူထု၊ တီဘီလူနာ နှင့် တီဘီလူနာဟောင်းများ ပူးပေါင်းပါဝင်လာစေခြင်း**

(၆) တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို အထောက်အကူပြုမည့် **သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်စေခြင်း**

# End TB Strategy

| | | | | |
|---|---|---|---|---|
| **VISION** | **A world free of tuberculosis** – zero deaths, disease and suffering due to tuberculosis | | | |
| **GOAL** | **End the global tuberculosis epidemic** | | | |
| **INDICATORS** | **MILESTONES** | | **TARGETS** | |
| | **2020** | **2025** | **SDG 2030** | **END TB 2035** |
| Reduction in number of TB deaths compared with 2015 (%) | 35% | 75% | 90% | 95% |
| Reduction in TB incidence rate compared with 2015 (%) | 20% (<85/100 000) | 50% (<55/100 000) | 80% (<20/100 000) | 90% (<10/100 000) |
| TB-affected families facing catastrophic costs due to TB (%) | Zero | Zero | Zero | Zero |

# End TB Strategy



# End TB Strategy (Globally)

ကမ္ဘာတစ်ဝှမ်းလုံးတွင် တီဘီရောဂါ ပပျောက်ရေးကို ရေးရှု၍ (၂၀၁၅) ခုနှစ် World Health Assembly ကျင်းပပြီးနောက် တီဘီတိုက်ဖျက်ရေးမဟာဗျူဟာတစ်ရပ်အနေဖြင့် End TB Strategy ချမှတ်ခဲ့

**<u>ပန်းတိုင်</u>**

ကမ္ဘာ၌ နောင်လာမည့် (၂၀၃၅) ခုနှစ်တွင် (၂၀၁၅) ခုနှစ်နှင့် နှိုင်းယှဉ်လျှင်

- ➢ တီဘီရောဂါကြောင့် **သေဆုံးခြင်းကို ၉၅ %** ထိ လျှော့ချရန်
- ➢ တီဘီရောဂါသစ် **ဖြစ်ပွားမှုကို ၉၀ %** (လူဦးရေ တစ်သိန်းတွင် ၁၀ ယောက်အောက်) ထိ လျှော့ချရန်
- ➢ တီဘီလူနာ၏မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် တီဘီရောဂါကုသရန် **ကုန်ကျစရိတ်များကို ၀ %** ထိ လျှော့ချရန်

# End TB Strategy (Myanmar)

## ပန်းတိုင်

မြန်မာနိုင်ငံ၌ (၂၀၃၅)တွင် တီဘီလူနာသစ်ဖြစ်ပွားမှုနှုန်းကို (၂၀၁၅) တီဘီလူနာသစ်ဖြစ်ပွားမှု၏ ၉၀% ထိ လျှော့ချရန်။

## ဝိသေသရည်မှန်းချက်များ

- (၂၀၂၅) ခုနှစ်တွင် တီဘီရောဂါကြောင့်**သေဆုံးသည့်ဦးရေကို (၂၀၁၅) ခုနှစ်က အခြေအနေ၏ ၇၅ %** လျှော့ချရန်
- (၂၀၂၅) ခုနှစ်တွင် **တီဘီရောဂါလူနာသစ်ဖြစ်ပွားနှုန်းကို (၂၀၁၅) ခုနှစ်က အခြေအနေ၏ ၅၀ %** လျှော့ချရန်

  (တီဘီရောဂါလူနာသစ်ဖြစ်ပွားနှုန်းကို လူ(၁) သိန်းတွင် (၃၉၁) ဦးမှ (၁၉၀) ဦးသို့ လျှော့ ချရန်)
- မိသားစုဝင်ငွေအပေါ် တီဘီရောဂါကြောင့် ဆုံးရှုံးနစ်နာစေသော **အပိုငွေကြေး ကုန်ကျမှုမရှိစေရန်**

# National TB Strategic Plan

- စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals) ပြည့်မီစေရေးအတွက် End TB Strategy ကို အခြေခံ၍ National TB Strategic Plan (၅) နှစ် စီမံကိန်းကို (၂၀၁၆) ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့

# National TB Strategic Plan

**နိယာမ(၄) ခု**

(၁) စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ဆန်းစစ်သုံးသပ်ခြင်း တို့ပါဝင်သည့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှုနှင့် တာဝန်ခံမှုရှိခြင်း။

(၂) မြို့ပြလူ့အဖွဲ့အစည်းများ ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ခိုင်ခိုင်မာမာ ပေါင်းစည်း ဆောင်ရွက်ခြင်း။

(၃) လူ့အခွင့်အရေး၊ လူ့ကျင့်ဝတ်နှင့်တန်းတူညီမျှမှုတို့ကို ကာကွယ်ထိန်းသိမ်း မြှင့်တင်ခြင်း။

(၄) မိမိနိုင်ငံနှင့် လျော်ညီသော နည်းဗျူဟာနှင့် ရည်မှန်းချက်တို့ကို ချမှတ်ခြင်း။

# National TB Strategic Plan

## အဓိကနည်းဗျူဟာ(၅)ခု (Five Strategic Directions)

**နည်းဗျူဟာ(၁)** တီဘီရောဂါ ရှာဖွေကုသခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းကို **လူတိုင်း လက်လှမ်းမှီ စေရန်** တိုးမြှင့်ဆောင်ရွက်ခြင်း။

**နည်းဗျူဟာ(၂)** တီဘီရောဂါ ကာကွယ်၊ ကုသ၊ တုန့်ပြန်မှုကို **အလှမ်းဝေးနေသူများ လက်လှမ်းမှီစေရန်** အရှိန်အဟုန်မြှင့်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း။

**နည်းဗျူဟာ(၃)** ပြည်သူလူထုပါဝင်မှု ရရှိစေရန် ဆောင်ရွက်ခြင်းနှင့် ရည်မှန်းချက်တူ **အဖွဲ့အစည်းအချင်းချင်း တိုးချဲ့ ပူးပေါင်း၍** ဆက်သွယ်ရေးလမ်းကြောင်းများ ပိုမိုကောင်းမွန်လာအောင် တိုးမြှင့်ဆောင်ရွက်ခြင်း။

**နည်းဗျူဟာ(၄)** ကဏ္ဍပေါင်းစုံပါဝင်သော တီဘီရောဂါတုံ့ပြန်စောင့်ရှောက်မှု ရရှိရန် **နည်းစနစ်များကို အားဖြည့် ဆောင်ရွက်ခြင်းနှင့် ခိုင်မာသော မူဝ◌ါဒများ**ကို အချိန်နှင့်တပြေးညီ ချမှတ်ခြင်း။

**နည်းဗျူဟာ (၅)** စီမံချက်လုပ်ငန်းများ ကြီးကြပ်ထောက်လှမ်း၍ ဆန်းစစ်သုံးသပ်ချက်များ ချမှတ်နိုင်ရန် လိုအပ်သော **သုတေသနလုပ်ငန်းများနှင့် ဆန်းစစ်တီထွင်မှုများ**တိုးမြှင့်ဆောင်ရွက်ခြင်း။



# ကျေးဇူးတင်ပါတယ်